ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်

**ညွှန်ကြားချက်အမှတ် (၆/၂၀၁၈)**

အကြောင်းအရာ။ **နိုင်ငံခြားဘဏ် ဘဏ်ခွဲများအား ပြည်တွင်းစီးပွားရေးလုပ်ငန်းများ(Local Corporate) အတွက် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ တိုးချဲ့ခွင့်ပြုခြင်း**

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားဘဏ် ဘဏ်ခွဲများအား ဘဏ်ခွဲလိုင်စင်ထုတ်ပေးရာတွင် နိုင်ငံခြား ကုမ္ပဏီ/လုပ်ငန်းများ၊ ပြည်တွင်း/နိုင်ငံခြား ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ပြည်တွင်း ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြည်တွင်း ကုမ္ပဏီ/လုပ်ငန်းများအတွက် လက်ကား ဘဏ်လုပ်ငန်း ဆောင်ရွက်ခွင့်ပြုခဲ့ပါသည်။

၂။ ထို့အပြင် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့ နေ့စွဲပါ ညွှန်ကြားချက်အမှတ်(၉/၂၀၁၇) ဖြင့် ပို့ကုန်ချေးငွေဖြည့်ဆည်းမှု(Export Financing)နှင့် ပို့ကုန်လုပ်ငန်းနှင့်ဆက်စပ်သည့် ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများ (Related Banking Services for Export Financing)ကို ဆောင်ရွက်ခွင့်ပြုခဲ့ပါသည်။

၃။ ယခုအခါ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ဘဏ္ဍာငွေရရှိနိုင်သည့်အခွင့်အရေး (Access to Finance) ပိုမိုရရှိစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားဘဏ် ဘဏ်ခွဲများအား ပြည်တွင်းဘဏ်များနည်းတူ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ(Local Corporate)သို့ မည်သည့် ချေးငွေဖြည့်ဆည်းမှု (Any Financing) ကိုမဆိုဆောင်ရွက်ခြင်း နှင့် အခြားဘဏ်လုပ်ငန်း ဝန်ဆောင်မှုများ (Other Banking Services)ဆောင်ရွက်ခြင်းတို့ကို ခွင့်ပြုကြောင်း ညွှန်ကြားပါသည်။

(ပုံ) xxxxxxxxx
ဥက္ကဋ္ဌ (ကိုယ်စား)
(စိုးသိန်း၊ ဒုတိယဥက္ကဋ္ဌ)

**ဖြန့်ဝေခြင်း**

နိုင်ငံခြားဘဏ် ဘဏ်ခွဲများအားလုံး

မိတ္တူကို

ရုံးလက်ခံ/မျှောစာတွဲ